Knowledge grows



# Yara ၏ လုပ်ငန်းပါတနာများအတွက် ကျင့်ဝတ်

*ကျွန်ုပ်တို့၏ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်း*
*ကမ္ဘာကြီးအား တာဝန်သိစွာ ကျွေးမွေးရန်နှင့် ကမ္ဘာဂြိုဟ်ကို ကာကွယ်ရန်။*

*ကျွန်ုပ်တို့၏ ရေရှည်ရည်မှန်းချက်*
*ပူးတွဲဆောင်ရွက်မှုရှိသော လူ့အဖွဲ့အစည်း၊ ဆာလောင်မှုမရှိသော ကမ္ဘာ၊ လေးစားမှုရှိသော ကမ္ဘာဂြိုဟ်။*

ပူးပေါင်းလုပ်ဆောင်ခြင်း | စူးစမ်းလိုစိတ် | တာဝန်ခံမှု | ရည်မှန်းချက်

ပစ္စည်းပေးသွင်းသူများ၊ ဖြန့်ချိသူများ၊ အေးဂျင့်များ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ၊ ဖက်စပ်ပါတနာများ၊ ဝယ်ယူသူများနှင့် မဟာဗျူဟာမြောက် ပါတနာများအပါအဝင် ထိုမျှသာမကသော Yara ၏ လုပ်ငန်းပါတနာတစ်ဦးချင်းစီသည် ကျွန်ုပ်တို့၏ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်း၊ ရေရှည်ရည်မှန်းချက်၊ တန်ဖိုးများနှင့်အညီ Yara ၏ အောင်မြင်မှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းဆောင်ရွက်မှုကို အားဖြည့်ကူညီသည့် ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့ကြီး၏ အရေးကြီးသော အဖွဲ့ဝင်ဖြစ်သည်။ Yara နှင့် လုပ်ငန်းပတ်သက်မှုရှိသည့် တစ်ဦးတစ်ယောက်ချင်းစီနှင့် ကုမ္ပဏီအားလုံးက သဘာဝ၊ လုပ်ငန်းဆောင်ရွက်မှုအမျိုးအစား သို့မဟုတ် ကြာချိန်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ လုပ်ငန်းပါတနာများအတွက် Yara ၏ ကျင့်ဝတ်ကို လိုက်နာရမည်။ ၎င်းတွင် ဖွဲ့စည်းတည်ထောင်ထားသော ဥပဒေရေးရာအမျိုးအစား၊ ပိုင်ဆိုင်မှုတည်ဆောက်ပုံနှင့် တရားစီရင်ပိုင်ခွင့်အားလုံးရှိ ကုမ္ပဏီများ ပါဝင်သည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ Yara ကဲ့သို့ ကော်ပိုရိတ်တန်ဖိုးများကို မျှဝေပြီး ကျင့်ဝတ်နှင့်အညီ လုပ်ငန်းဆောင်ရွက်သော လုပ်ငန်းပါတနာများနှင့် ပူးပေါင်းလုပ်ဆောင်မှု တည်ဆောက်ရန်ဖြစ်သည်။

ဤစာရွက်စာတမ်းတွင် လုပ်ငန်းဂုဏ်သိက္ခာဆိုင်ရာ စံနှုန်းနှစ်မျိုးကို ဖော်ပြထားသည်- က) အလျှော့အတင်းမရှိသော စံနှုန်းများနှင့် တာဝန်ဝတ္တရားများပါဝင်သည့် Yara ၏ လုပ်ငန်းပါတနာများအတွက် ဥပဒေဆိုင်ရာ တင်းကျပ်သော တာဝန်ဝတ္တရားများ၊ နှင့် ခ) လုပ်ငန်းပါတနာများက လုပ်ဆောင်ရန် Yara အနေဖြင့် မျှော်မှန်းသော စိတ်ကြိုက်စံနှုန်းများပါဝင်သည့် မျှော်မှန်းစံနှုန်းများ။ ဥပဒေဆိုင်ရာ တင်းကျပ်သော တာဝန်ဝတ္တရားများကို ချိုးဖောက်ပါက Yara သည် လုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းပိုင်ခွင့်ရှိပြီး မျှော်မှန်းစံနှုန်းများကို ချိုးဖောက်ပါက ကုစားမှုကို ၎င်းလုပ်ငန်းပါတနာများနှင့် အဖြေရှာ၊ ပံ့ပိုးပါမည်။ ဤစာရွက်စာတမ်းတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများ၊ မျှော်မှန်းချက်များနှင့် ပတ်သက်၍ Yara သည် လုပ်ငန်းပါတနာများကို စာရင်းစစ်ပိုင်ခွင့် သို့မဟုတ် စစ်ဆေးပိုင်ခွင့်ရှိသည်။

www.yara.com ရှိ Yara Ethics Hotline မှတစ်ဆင့် လွဲမှားသော သို့မဟုတ် ကျင့်ဝတ်နှင့်မညီသော လုပ်ငန်းအလေ့အထများကို အမည်ဖော်ပြစရာမလိုဘဲ တိုင်ကြားနိုင်သည်

## Yara ၏ လုပ်ငန်းပါတနာများအတွက် ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများ

**၁) အထွေထွေလေးစားလိုက်နာမှု-** Yara ၏ လုပ်ငန်းပါတနာများသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အောက်တွင်ဖော်ပြထားသော အကြောင်းအရာ ၂-၈ အပါအဝင် သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းအားလုံးကို လိုက်နာရမည်ဖြစ်ပြီး ဤစာရွက်စာတမ်းတွင် ဖော်ပြထားသော စံနှုန်းများကို ချိုးဖောက်ကြောင်း သို့မဟုတ် မလိုက်နာကြောင်း သံသယရှိပါက ပူးတွဲ၍ အချက်အလက်ကို အတည်ပြုရန်အတွက် Yara ကို အသိပေးရမည်။ ဤအချက်ကို Yara ၏ လုပ်ငန်းပါတနာများနှင့် ၎င်းတို့၏ တစ်ဆင့်ခံကန်ထရိုက်များက လိုက်နာရမည်။

**၂) လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှု** Yara ၏ လုပ်ငန်းပါတနာများသည် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ အမြင့်ဆုံးစံနှုန်းများကို လိုက်နာရမည်၊ ဒေသတွင်းဥပဒေများကို လေးစားရမည်၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ လိမ်လည်မှု၊ လုပ်ငန်းမြန်ဆန်စေရန် အသေးစားငွေပေးခြင်းများ၊ မသမာကြေး၊ တရားမဝင်သော သဒ္ဒါကြေး သို့မဟုတ် ခြိမ်းခြောက်ငွေညှစ်မှု မည်သည့်ပုံစံမျိုးတွင်မဆို ပါဝင်ပတ်သက်ခြင်း မပြုပါ။ Yara သည် လုပ်ငန်းမြန်ဆန်စေရန် အသေးစားငွေပေးခြင်းများကို လာဘ်ပေးခြင်းပုံစံတစ်မျိုးဟု မှတ်ယူပြီး ထိုကဲ့သို့ ပေးချေမှုများကို လုံးဝလက်မခံသည့် မူဝါဒရှိသည်။

**၃) ငွေကြေးခဝါချခြင်း-** Yara သည် မြင့်မားသော ဂုဏ်သိက္ခာဖြင့်၊ ဥပဒေ၊ စည်းမျဉ်းများအတွင်း၌ လုပ်ငန်းလုပ်ဆောင်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းပါတနာများက ငွေကြေးခဝါချခြင်းအပေါ် Yara ကိုယ်စား ထောက်ပံ့ခြင်း သို့မဟုတ် ပံ့ပိုးခြင်းကို မည်သည့်ပုံစံ၊ မည်သည့်နေရာတွင်မဆို ကျွန်ုပ်တို့ ခွင့်ပြုမည်မဟုတ်ပါ။

**၄) မျှတစွာ ယှဉ်ပြိုင်ခြင်း-** စျေးနှုန်းကို ပုံသေသတ်မှတ်ခြင်း၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပံ့ပိုးခြင်းကို ကန့်သတ်ခြင်း၊ စျေးပြိုင် လေလံဆွဲခြင်းနှင့် စျေးကွက်မျှဝေခြင်း အပါအဝင် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သော သဘောတူညီချက်များ သို့မဟုတ် လုပ်ဆောင်မှုကို Yara က တင်းကျပ်စွာ တားမြစ်သည်။

ကျွန်ုပ်တို့၏ လုပ်ငန်းပါတနာများက လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုကို ကတိကဝတ်ပြုရမည်ဖြစ်ပြီး သက်ဆိုင်ရာ ယှဉ်ပြိုင်ခြင်း ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာရမည်။

**၅) ထုတ်ကုန်များကို အသုံးပြုမှု-** သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ တာဝန်များအပေါ် ထားရှိသည့် အလေးပေးမှုနှင့် လိုက်နာမှုနှင့်အညီ Yara သည် ကျွန်ုပ်တို့၏ ထုတ်ကုန်များကို တရားမဝင် ရည်ရွယ်ချက်များဖြင့် တလွဲအသုံးပြုခြင်းကို သည်းခံမည် မဟုတ်ပါ။ ဤအချက်တွင် ကုန်ချောပစ္စည်းများ၊ ထုတ်လုပ်ဆဲပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို တရားမဝင် မူးယစ်ဆေးဝါးများနှင့် တရားမဝင် ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်ရာတွင် တလွဲအသုံးပြုခြင်းတို့ အကန့်အသတ်မဲ့ ပါဝင်ပါသည်။ တရားဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ လုပ်ငန်းစဉ်များကို ခိုင်မာစေရန် ကျွန်ုပ်တို့က ကြိုးပမ်းရာတွင် Yara သည် တလွဲအသုံးပြုမှုကို ကာကွယ်ရန် သို့မဟုတ် ထောက်လှမ်းပြီး ချက်ချင်း တန်ပြန်လုပ်ဆောင်နိုင်ရန် ၎င်းတို့၏ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများတွင် လုံလောက်သော စောင့်ကြည့်စစ်ဆေးသည့် စနစ်များ တပ်ဆင်ထားရန် ၎င်းတို့၏ တာဝန်ဝတ္တရားအကြောင်း စီးပွားရေးမိတ်ဖက်များကို ဆက်တိုက် သတိပေးပါသည်။ ရေးသားဖော်ပြထားသည့်အတိုင်း အန္တရာယ်ရှိပစ္စည်းများ စီမံခန့်ခွဲမှုနှင့် ဆက်စပ်သော သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ၊ Yara ၏ လမ်းညွှန်ချက်များကို လေးစားလိုက်နာခြင်းသည်လည်း လိုအပ်ချက်တစ်ခုပင်ဖြစ်ပါသည်။

ရှေ့ဆက်ရန်

**၆) ကလေးလုပ်သား သို့မဟုတ် အတင်းအကျပ်ခိုင်းစေခြင်း-** Yara သည် လူကုန်ကူးခြင်း၊ ဆန္ဒမပါသော လုပ်အား၊ စာချုပ် သို့မဟုတ် အတင်းအကျပ်ခိုင်းစေခြင်းကို အသုံးပြု သို့မဟုတ် လက်ခံမည် မဟုတ်ပါ သို့မဟုတ် ကျွန်ုပ်တို့ကိုယ်စား ထိုသို့ လုပ်ဆောင်သူကိုလည်း လက်ခံမည်မဟုတ်ပါ။ လုပ်ငန်းပါတနာများက တစ်နည်းနည်းဖြင့် ကလေးလုပ်သား အသုံးပြုပါက UNICEF နှင့် ILO တို့၏ လမ်းညွှန်ချက်များကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြု စံနှုန်းများအပြင် ဒေသတွင်း ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရမည်။

**၇) ခွဲခြားဆက်ဆံခြင်း-** Yara သည် ခွဲခြားဆက်ဆံခြင်းပြဿနာကို အလွန်အလေးအနက်ထားသည်။ ကျွန်ုပ်တို့ လုပ်ငန်းပါတနာများ၏ ဝန်ထမ်းများကို လေးစားမှု၊ ဂုဏ်သိက္ခာရှိမှုဖြင့် ဆက်ဆံရမည်ဖြစ်ပြီး အခွင့်အလမ်းများကို လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ လိင်၊ အသက်၊ မူလနိုင်ငံ၊ လိင်စိတ်တိမ်းညွှတ်မှု၊ အိမ်ထောင် ရှိ၊ မရှိ သို့မဟုတ် မသန်စွမ်းမှုတို့နှင့် သက်ဆိုင်ခြင်းမရှိဘဲ စွမ်းဆောင်ရည်အချက်အလက်ပေါ်တွင်သာ မူတည်၍ မျှတစွာ ပေးအပ်ရမည်။ Yara ၏ လုပ်ငန်းပါတနာများသည် မျှတသော အလုပ်ရုပ်ဝန်းဖန်တီးရာတွင် ကတိကဝတ်ပြုရမည်ဖြစ်ပြီး ဝန်ထမ်းခန့်အပ်ခြင်းနှင့် အလုပ်သမားရေးရာ အလေ့အထများရှိ ခွဲခြားဆက်ဆံခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသတွင်းဥပဒေအားလုံးကို လိုက်နာရမည်။

**၈) ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ရုပ်ဝန်း-** Yara ၏ လုပ်ငန်းပါတနာများသည် နိုင်ငံတကာစံချိန်စံညွှန်းများ၊ နိုင်ငံတွင်းဥပဒေများနှင့်အညီ ဝန်ထမ်း၊ ကန်ထရိုက်များအတွက် ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ခွင်ကို ပံ့ပိုးပေးရမည်။

## Yara ၏ လုပ်ငန်းပါတနာများအတွက် မျှော်မှန်းစံနှုန်းများ

**၁) အထွေထွေ မျှော်မှန်းချက်-** အထူးသဖြင့် Yara အတွက် အလုပ်လုပ်ပေးသော လုပ်ငန်းပါတနာများသည် ၎င်းတို့၏ လုပ်ငန်းများတွင် အလားတူ ကိုယ်ပိုင်စံနှုန်းများ ထားရှိရန်လိုအပ်သည်။

**၂) လုပ်ငန်းလက်ဆောင်များနှင့် ဧည့်ခံမှု** Yara ၏ အဓိကစည်းမျဉ်းမှာ ကျွန်ုပ်တို့သည် လက်ဆောင်များ ပေးခြင်း သို့မဟုတ် လက်ခံရရှိခြင်းကို မလုပ်ဆောင်လိုခြင်း ဖြစ်သည်။ Yara ဝန်ထမ်းများသည် သက်ဆိုင်ရာမန်နေဂျာထံမှ စာရေးသားဖော်ပြထားသော အတည်ပြုချက်မရှိဘဲ 75 USD ထက်များသော လက်ဆောင်များကို ပေးခြင်း သို့မဟုတ် လက်ခံခြင်း ပြုလုပ်၍မရပါ။ Yara ဝန်ထမ်းများသည် လက်ဆောင်ပေးခြင်း သို့မဟုတ် လက်ဆောင်ရယူခြင်းဖြင့် အခြားသူများကို လွှမ်းမိုးရန် မလုပ်ဆောင်ပါ သို့မဟုတ် အခြားသူများ၏ လွှမ်းမိုးမှုကို မခံပါ။

**၃) လွတ်လပ်စွာသင်းဖွဲ့ခွင့်နှင့် အုပ်စုအတွက် ညှိနှိုင်းခြင်း** လုပ်ငန်းပါတနာများသည် ကုန်သွယ်ရေးသမဂ္ဂ သို့မဟုတ် အလားတူ ပြင်ပ ကိုယ်စားပြုအဖွဲ့အစည်းများပါဝင်သော ဝန်ထမ်းများ၏ လွတ်လပ်စွာသင်းဖွဲ့ခွင့်ကို လေးစားပြီး လိုက်နာရန် Yara က မျှော်မှန်းသည်။ ၎င်းတို့၏ ဝန်ထမ်းများသည် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းများနှင့်အညီ အုပ်စုအတွက် ညှိနှိုင်းခွင့်နှင့် ကုန်သွယ်ရေးသမဂ္ဂ သို့မဟုတ် အခြားကိုယ်စားပြု အဖွဲ့အစည်းတွင် ပါဝင်ခြင်းရှိ၊ မရှိ မဲပေးပိုင်ခွင့် ရှိရမည်။ အခွင့်အရေးများကို ကန့်သတ်ထားသောအခါ ကျွန်ုပ်တို့၏ လုပ်ငန်းပါတနာများအနေဖြင့် အကျိုးရှိသော အလုပ်သမား-ဝန်ထမ်း ပူးပေါင်းလုပ်ဆောင်မှုအတွက် အခြားနည်းလမ်းများကို ရှာဖွေရန် ကျွန်ုပ်တို့ မျှော်မှန်းသည်။

**၄) ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်မှုများ-** အမှန်တကယ်၊ ဖြစ်လာနိုင်ခြေ သို့မဟုတ် ယူဆရသော ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်မှု အခြေအနေများ ရှိသောအခါ ချက်ချင်းဖော်ထုတ်ပြောပြ၍ ဖြေရှင်းရန် Yara က လုပ်ငန်းပါတနာများကို မျှော်လင့်သည်။

**၅) တူညီသော လုပ်အားခနှင့် အလုပ်ချိန်-** လုပ်ငန်းပါတနာများသည် ပုဂ္ဂိုလ်ရေး ယုံကြည်မှုနှင့် ကိုယ်ပိုင်လက္ခဏာများပေါ်အခြေမခံဘဲ ဝန်ထမ်းများကို ၎င်းတို့ ဆောင်ရွက်သော အလုပ်အတွက် မျှတစွာ ငွေပေးချေရန် မျှော်မှန်းသည်။ ဝန်ထမ်း၊ အကြံပေး သို့မဟုတ် ကန်ထရိုက်များအတွက် တစ်ဦးချင်း ငွေပေးချေမှုသည် ရာထူး၊ စွမ်းဆောင်ရည်နှင့် လုပ်နိုင်စွမ်းပေါ် အခြေခံ၍သာ ကွဲပြားရမည်။ ငွေပေးချေမှုအားလုံးသည် နိုင်ငံတော်က သတ်မှတ်ထားသော အနည်းဆုံးလုပ်အားခဖြစ်ရန် လိုအပ်ချက်များနှင့် ကိုက်ညီပါသည်။ အလုပ်လုပ်ချိန်၊ နားချိန်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများကိုလည်း လုပ်ငန်းပါတနာများက လိုက်နာရန် ကျွန်ုပ်တို့ မျှော်မှန်းသည်။

**၆) ဒေသခံတိုင်းရင်းသားများ-** ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများကို လေးစားရန်နှင့် ချိုးဖောက်ခြင်းမပြုရန် Yara က လုပ်ငန်းပါတနာများကို မျှော်မှန်းသည်။ တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည့် ဆုံးဖြတ်ချက်များအတွက် အသိပေးခံရရန်နှင့် အသိပေးခံရပြီးနောက် ၎င်းတို့၏ သဘောတူညီချက်ကို တောင်းခံရန် အခွင့်အရေး ရှိပါသည်။

**၇) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ပေါ် သက်ရောက်မှုကို ကာကွယ်ခြင်း-** သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်ဥပဒေများ၊ စည်းမျဉ်းအားလုံးနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းပါတနာများကို မျှော်မှန်းသည်။ လုပ်ငန်းဆောင်ရွက်မှု၊ ထုတ်ကုန်များနှင့် ဆက်စပ်သော သဘောဝပတ်ဝန်းကျင်ပေါ် သက်ရောက်မှုနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို သက်တမ်းစက်ဝန်းအပြည့်ရှုထောင့်မှ ထည့်သွင်းစဉ်းစားထားသည့် သင့်တော်သော သဘာဝပတ်ဝန်းကျင်မူဝါဒနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ် ရေးဆွဲအကောင်အထည်ဖော်ရန် Yara က လုပ်ငန်းပါတနာများကို မျှော်မှန်းသည်။ သဘာဝရင်းမြစ်များ၊ စွမ်းအင်နှင့် ရေကို အကောင်းဆုံးအသုံးချရန်နှင့် လေ၊ ရေနှင့် မြေအောက်ရေ၊ မြေဆီလွှာ၊ ဇီဝမျိုးကွဲများနှင့် ရာသီဥတုအပေါ် အပျက်သဘောဆောင် သက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော နည်းပညာများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုရန်လည်း မျှော်မှန်းသည်။

**၈) ရေရှည်တည်တံ့မှု-** ရေရှည်တည်တံ့မှု အခြေခံမူဝါဒများကို လက်ခံကျင့်သုံး၍ အားပေးရန်၊ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အစိုးရ (“ESG”) ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာရန်၊ လိုအပ်ချက်များရှိ သိရှိပြီးသား သို့မဟုတ် မျှော်လင့်ထားသော အနာဂတ်ပြောင်းလဲမှုများကို ကြိုတင်မြင်ရန်နှင့် လိုက်နာကြောင်းသေချာစေရန် တာဝန်ယူမှုရှိသော လုပ်ဆောင်ချက်များ ချမှတ်ရန် Yara က လုပ်ငန်းပါတနာများကို မျှော်မှန်းသည်။

**၉) မကျေနပ်ချက်တိုင်ကြားမှုစနစ်-** အလုပ်သမားများအတွက်နှင့် သက်ရောက်မှုရှိနိုင်သော ပါဝင်ပတ်သက်သူများအတွက် မကျေနပ်ချက်များဖြေရှင်းရေး တိုင်ကြားခြင်းစနစ်နှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ရန် Yara က လုပ်ငန်းပါတနာများကို မျှော်မှန်းသည်။

Yara ဝန်ထမ်း၊ အကြံပေး သို့မဟုတ် ကန်ထရိုက် သို့မဟုတ် လုပ်ငန်းပါတနာတစ်ဦးဦး၏ လုပ်ဆောင်ချက် ချိုးဖောက်မှု သို့မဟုတ် စိုးရိမ်မှုကို ethics@yara.com ရှိ Yara ၏ ကျင့်ဝတ်နှင့် လေးစားလိုက်နာမှုဌာနသို့ ချက်ချင်းတိုင်ကြားရမည်

Yara ၏ Ethics Hotline နှင့် ကျင့်ဝတ်နှင့် လေးစားလိုက်နာမှုအဖွဲ့အကြောင်း အသေးစိတ်အတွက် www.yara.com ကို ဝင်ကြည့်ပါ။

ဇန်နဝါရီ 2022